ဆူးသစ်ရှိ

ဒာဂွမ်

အစွယ်
နှင့်
အခြားကဗျာများ

ဆူးသစ်နီ၏ ကျေးဇူးတင်လွှာ

၁။ ကျွန်တော့် “မိဘနှစ်ပါး”၏

မွေးကျေးဇူး

ကျွေးကျေးဇူး

ပညာကျေးဇူး နှင့်

အနုပညာကျေးဇူးကို အတိုင်းမသိ ကျေးဇူးတင်ပါသည်။

၂။ ကျွန်တော့်အား

နားလည်သော

အားပေးသော

ကူညီသော

ကဗျာဆရာမ “မမိုးစက်”ကို အထူးကျေးဇူးတင်ရှိပါသည်။

၃။ ကျွန်တော့်နှင့် အဘက်ဘက်မှ ပတ်သက်သူအားလုံးနှင့် ကဗျာချစ်သူ ပရိသတ်အားလုံးကို လေးစား ကျေးဇူးတင်ရှိပါသည်။

၄။ မေတ္တာဖြင့် အမှာစကား ရေးသားချီးမြှင့်ပေးသော ကဗျာဆရာ ထွန်းဝေမြင့် နှင့် စာအုပ်ထုတ်ဝေနိုင်ရေး အစစ စီစဉ်ဆောင်ရွက်ပေးသော ဆရာဦးမြင့်ဦး (ဆုစာပေ)၊ မျက်နှာဖုံးပန်းချီ ရေးဆွဲပေးသော ဆရာဇကစာချို၊ မေတ္တာဖြင့် မျက်နှာဖုံးဒီဇိုင်း ဆင်ပေးသော ဗဂျီလင်းဝဏ္ဏ တို့ကို အထူးကျေးဇူးတင်ရှိပါသည်။

နှလုံးသားဖြင့်

ဆူးသစ်နီ

*

ကဗျာဆရာ ထွန်းဝေမြင့်၏ အမှာစာ

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်တွင် ထုတ်ဝေသော မြန်မာတိုင်း(စ်)ဂျာနယ် “အားကစားကဏ္ဍ”တွင် “ပရော်ဖက်ရှင်နယ်ခေတ် ရောက်မှ ညံ့ကြတော့မှာလား” ဟုသော သတင်းဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရပါသည်။

လာအိုနိုင်ငံ၌ ကျင်းပသော အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်း အုပ်စုပွဲမှာပင် ထွက်ခဲ့ရသည်ကို ရည်ညွှန်းကာ ရေးထားခြင်းဖြစ်ပါသည်။ ဆောင်းပါးရှင်က မြန်မာဘောလုံးအသင်းကို အားမလိုအားမရ ဖြစ်သလို မြန်မာဘောလုံးပွဲကြည့် ပရိသတ်များကလည်း အားမလိုအားမရ ဖြစ်ကြရသည်။ သို့သော်လည်း လူငယ်တွေ ကြိုးစားနေကြသည်ကတော့ အမှန်ပါ။ လူငယ်တွေကို ကျွန်တော်တို့ အားပေးနေကြရမှာပဲ ဖြစ်သည်။

ဒီကနေ့ အားကစား၊ စာပေ၊ အနုပညာ၊ ဂီတ အခြားသော နယ်ပယ်အသီးသီးမှာ မြန်မာလူငယ်များ မည့်ကြပါလို့ပဲ ယေဘုယျပြောချင်ပါသည်။

*

၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ရန်ကုန်သစ်မဂ္ဂဇင်းတွင် ကဗျာအင်တာဗျူးတစ်ပုဒ်ပါ ပါသည်။ ကိုစန်းဦး (စိတ်ကူးချိုချို)က မေး၍ ကျွန်တော် (ထွန်းဝေမြင့်) ဖြေသော ကဗျာကိစ္စတစ်ခုကို ပြန်လည်ဖော်ပြပါရစေ။

စန်းဦး။ ။ အခုအချိန် ကဗျာတွေရဲ့ လမ်းကြောင်းကို ဘယ်လို မြင်ပါသလဲ။ ဘယ်ကိုသွားနေတယ်လို့ ထင်ပါသဲ။ ဆရာသစ္စာနီ ပြောတဲ့ မော်ဒန်ကဗျာဝဲကို လက်ခံပါသလား။

ထွန်းဝေမြင့်။ ။ မော်ဒန်ကဗျာဝဲကို ကျွန်တော် လက်မခံပါဘူး။ ဒီကနေ့ ကဗျာလောကဟာ တိုးတက်ရာဆီ ဦးတည်မသွားဘဲ ဝဲသြဃလို ချာချာလည်နေတယ်ဆိုတဲ့ အမြင်မျိုး ကျွန်တော် မမြင်ပါဘူး။

ခေတ်စမ်းကဗျာကို (၁၉၃၀) ကနေ (၁၉၇၀) အထိ အကြမ်းဖျဉ်း ပိုင်းဖြတ်မယ်ဆိုရင် နှစ်ပေါင်းလေးဆယ် ကြာရှည်ခံပါတယ်။ ဒီ အနှစ်လေးဆယ်အတွင်း ထွက်ပေါ်လာတဲ့ ခေတ်စမ်းကဗျာဆရာတွေ မနည်းပါဘူး။ ကဗျာအပုဒ်ရေလည်း သောင်းနဲ့ သိန်းနဲ့ချီပြီး ထွက်လာပါတယ်။ အဲဒီ တုန်းက မဂ္ဂဇင်းတိုင်း၊ ဂျာနယ်တိုင်းမှာ ခေတ်စမ်းကဗျာပုံစံတွေပဲ ပါဝင်ခဲ့တာပါ။ (၁၉၈၀ လောက်အထိ မော်ဒန်ကဗျာဟာ မဂ္ဂဇင်းစာမျက်နှာတွေပေါ် ခုလို ရောက်လာလိမ့်မယ်လို့ အိပ်မက်တောင် မမက်ရဲခဲ့ပါဘူး။ နောက်တော့ တိုင်ပင်မထားရဘဲ လူငယ်ကဗျာရေးသူတွေဟာ မော်ဒန်ကဗျာကို ရေးလာလိုက်ကြတာ ခုတော့ အရပ်ရှစ်မျက်နှာအနှံ့ ဖြစ်သွားခဲ့ပြီ။

ဒီတော့ မော်ဒန်ကဗျာခေတ်မှာလည်း လူငယ်တွေအများကြီးက ကဗျာပုဒ်ရေတွေ သိန်းနဲ့သောင်းနဲ့ ချီပြီး ရေးလာကြတာ ကျွန်တော် ကြိုက်တယ်။ ကဗျာခေတ် တစ်ခေတ်ဟာ ဒီလိုပဲ ပေါ်ပေါက်လာရမှာပါ။ ဒါကို "ဝဲ" လို့ ကျွန်တော် မမြင်ပါဘူး။

ကျွန်တော်မြင်တာက ကောင်းကင်မှာ ကြယ်တွေ အများကြီး ပြူထွက်နေတာမျိုးပါ။ ကြယ်စုံတဲ့ ညမျိုးကို ကျွန်တော် ကြိုက်တယ်။ မှေးမှိန်နေတဲ့ ကြယ်တွေ ရှိသလို လင်းလက်နေတဲ့ ကြယ်တွေလည်း ရှိတယ်။ တချို့ ကြယ်တွေက တည်တည်ငြိမ်ငြိမ်၊ တချို့ကြယ်တွေက မျက်တောင် တဖျပ်ဖျပ်။ ကြယ်ပွင့်သေးသေးမွှားမွှားလေးတွေ ရှိသလို ကြယ်ပွင့် အကြီးကြီးတွေလည်း ရှိတယ်။ သေချာတာက သူတို့အားလုံးဟာ လှပနေတာပါပဲ။ ကျွန်တော်တော့ ကြယ်တွေစုံတဲ့ညကို ကြည့်နေရတာ ပျော်စရာပါပဲ။

*

၂၀၀၂ ခုနှစ်၊ မတ်လလောက်တုန်းက မြန်မာသစ်ဂျာနယ်အတွက် နီယိုခေတ်စမ်းကဗျာဆရာကြီး ဦးမောင်ရည်ကို ကျွန်တော် စာပေအင်တာဗျူး လုပ်ခဲ့ဖူးသည်။ ဆရာဦးမောင်ရည်က အင်တာဗျူးတွင် အသုံးပြုရန် မန္တလေးတက္ကသိုလ်ကျောင်းသားဘဝက ရိုက်ထားသော ဓာတ်ပုံလေးတစ်ပုံ ကျွန်တော့်ကို ပေးခဲ့သည်။ တက္ကသိုလ်ကျောင်းသား မောင်မောင်ရည်နှင့် သူငယ်ချင်း မောင်သိန်းနိုင်တို့ တွဲရိုက်ထားသော ဓာတ်ပုံကလေး။ ထိုဓာတ်ပုံလေးကို ကျွန်တော့်အားပေးရင်း မှတ်သားဖွယ်စကားလေးတစ်ခွန်း ပြောပြခဲ့ဖူးသည်။

"ကိုယ်တို့ ကျောင်းသားဘဝမှာပဲ ကဗျာတွေရေးကြ၊ ဝတ္ထုတွေရေးကြ၊ မဂ္ဂဇင်းတွေကို ပို့ကြနဲ့ လူငယ်ပီပီ စိတ်အားထက်သန်ကြတယ်။ ကိုယ်က ဝေဖန်ရေးကိုလည်း အဲဒီ ကတည်းက ဝါသနာပါတော့ သူငယ်ချင်း မောင်သိန်းနိုင်ရဲ့ ဝတ္ထုတိုလေးတွေကိုလည်း ဝေဖန်တာပေါ့။ ဝေဖန်တာမှ ပယ်ပယ်နယ်နယ်၊ ပြတ်ပြတ်သားသား ဝေဖန်တာ။ ကိုယ့်ရဲ့ဝေဖန်ရေးလက်နက်က ပြင်းထန်လေတော့ မောင်သိန်းနိုင်ခမျာ လက်တွန့်သွားခဲ့ပြီး ဝတ္ထုမရေးရဲတော့ဘူး ဖြစ်သွားတယ်။ နောင်အခါတွေမှာ သူက ကိုယ့်ကို စကားနာထိုးတတ်တယ်။"

"ဝေဖန်ရေးဆရာ မောင်မောင်ရည်ရဲ့ ဗြောင်းဗြောင်းညံတဲ့ ဝေဖန်ရေ အမြောက်ဆံ၊ ဗုံးဆံတွေအောက်မှာ ဝတ္ထုတိုလေးတွေ ကြိုးပန်းတကြီး၊ ရေးနေတဲ့ မောင်သိန်းနိုင်ရဲ့ နုနုနယ်နယ် ကလောင်တစ်ချောင်းဟာ သက်ဆိုးမရှည် ဘုံးဘုံးလဲ သေပွဲဝင်ရရှာတော့တယ်" တဲ့။

ဒီလိုနဲ့ ဝတ္ထုရေးဆရာ မောင်သိန်းနိုင် ခမျာ ပျောက်ကွယ်သွားခဲ့ပြီး "ဂုဏ်ထူး ဦးသိန်းနိုင်" ရယ်လို့ ထင်ရှားတဲ့ ဆရာတစ်ဆူတော့ ဖြစ်လာခဲ့တာပေါ့လေ။

*

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ကဗျာရေးသော၊ ဝတ္ထုတိုရေးသော ပန်းချီလည်းရေးလေ့ရှိသော “ဆူးသစ်နီ”က သူ့ကဗျာစာအုပ်အတွက် “အမှာစာ” ရေးပေးဖို့ ကျွန်တော့်ကို ကမ်းလှမ်းလာသောအခါ ကျွန်တော် သူ့ကဗျာများကို ဖတ်ကာ ယခု အမှာစာကို ရေးလိုက်ရပါသည်။

ဆူးသစ်နီကဗျာများကို ကောင်း၏ ၊ ညံ့၏ ။ သင့်၏ ၊ သင့်၏ ဟူ၍ ကျွန်တော် အဆုံးအဖြတ် မပေးလိုပါ။ သူ့ကဗျာတွေကို ဖတ်ကြည့်တော့ သူ့ကြိုးပမ်းမှုကို တွေ့ရသည်။ ဂန္ဓာဝင်ပုံစံ ခေတ်စမ်းဟန် ကဗျာမျိုးတွေ မပါသော်လည်း ကာရန်ကို နှစ်နှစ်ခြိုက်ခြိုက်သုံးထားသည့် ကဗျာမျိုးလည်း တွေ့ရသည်။ ဒါ “မြန်မာကဗျာပဲ”ဟု ပြော၍ ရသော မြန်မာဆန်သည့် ကဗျာမျိုးကိုလည်း တွေ့ရသည်။ ဘာသာစကားကို စမ်းသပ်ထားသော “ဘာသာစကားကဗျာ”ပုံစံမျိုးလည်း တွေ့ရသည်။ တချို့ကဗျာက နူးညံ့သိမ်မွေ့ပြီး တချို့ကဗျာက ကြမ်းရှသည်။ တချို့ကဗျာက စိတ္တဇဆန်ပြီး တချို့ကဗျာက ဘဝဆန်သည်။ တချို့ကဗျာက မြို့ပြခံစားမှု၊ တချို့ကဗျာက သဘာဝ တွင် ကြည်နူးမှု။

ဆူးသစ်နီကဗျာများကို ကဗျာချစ်မြတ်နိုးသူ၊ ကဗျာဖတ်သူများကသာ ဒီကဗျာ ကောင်း၏ ၊ ဒီကဗျာ ညံ့၏ အဆုံးအဖြတ်ပေးကြရမှာပဲ ဖြစ်သည်။ ကျွန်တော်ပြောလိုသည်ကတော့ ယခုအုပ်ပါ ကဗျာများသည် ဆူးသစ်နီ၏ အစောပိုင်း အစပိုင်းကဗျာများသာ ဖြစ်သည်။ နောင် ကဗျာရေးဖို့ အချိန်တွေ အများကြီးရှိပါသေးသည်။ ဆူးသစ်နီကသာ ကဗျာများ ဆက်၍ ဆက်ခါ ရေးနိုင်ပါစေဟုသာ ဆန္ဒပြုလိုက်ရပါသည်။

“စာပေမြတ်နိုးသူများ”ကျန်းမာချမ်းသာ၍
ကဗျာစာပေများ ဖတ်ရှုနိုင်ကြပါစေ...
“ဆူးသစ်နီ”လည်း ကျန်းမာချမ်းသာ၍
ကဗျာများ၊ ဝတ္ထုများ၊ ပန်းချီများ ဆက်၍ ဆက်ခါ
ရေးနိုင်ပါစေဟု ဆုတောင်းမေတ္တာ
ပို့သလိုက်ရပါကြောင်း။

ထွန်းဝေမြင့်

၁-၁-၁၀

*

ဆူးသစ်နီ၏ အမှာစကား

ဆူးသစ်နီ

၁။ အသက်ရှင်သန်ဖို့
“အချိန်” ကို စားသုံးကြရတယ်။
အချိန်ကုန်သွားရင်
အသက်ရှင်သန်မှု ပြီးဆုံးသွားတော့တယ်။

၂။ ကျွန်တော့်အသက် ရှင်သန်ဖို့
“ကဗျာ” ကို စားသုံးလိုက်တယ်။
ကဗျာက မကုန်လို့
အသက်ရှင်သန်မှု မပြီးဆုံးတော့ဘူး။

၃။ ကျွန်တော် “လူ” ဖြစ်ရကျိုး နပ်လာတယ်။

နှလုံးသားဖြင့်
ဆူးသစ်နီ

* * *

မနက်ခင်းလေးမှာ နိုးလာခဲ့

ခုံတန်းလျား
(A/C 14 x 18 inches)

ရွာတဲ့မိုး

ဆောင်းတဲ့ထီး

သွင်သွင်ကျိုး

ငါ့ကောင်းကင်က မိုးရေတွေ

လတာပြင်မှာ

ဆိုခဲစေ၊ မြှေစေ။

အလှဆုံးပါပြင်ပေါ်

ပထမဆုံး

လိမ့်ဆင်းလာတဲ့

ပုလဲကြွေပွင့်

သနပ်ခါးပါးကွက်ကြားမှာ

စွတ်ကြောင်းအက်ရာထင်။

စမ်းရေချိုတစ်ဝက်တစ်ပျက်

စက်စက်ယို

နှလုံးသွေးရောင် စွန်းလျက်နဲ့ကို

ကျွဲတစ်ဖက် နွားတစ်ဖက်။

နံနက်ခင်း

တက်နေ

ပြီးတော့..မျက်ရည်

သြော်.....ရာသီစက်

ပျော်စေပျက်စေနဲ့

“မနက်ခင်းလေးမှာ နိုးလာခဲ့

အရင်ဆုံး မင်းကိုလွမ်းပါတယ်” ။ ။

* * *

ရွာတဲ့မိုး

ထီ:

(A/C 18 x 24 inches)

လတစ်စင်းရဲ့

အပြုံးမျိုးနဲ့

အဆုံးရှုံးဆုံး လမ်းမှာ

မျက်နှာစိမ်း

ပန်းပေးခဲ့တယ်။

ကျီးပြုံသလို

လွင့်ကာမျောကာနဲ့

မည်ကာမတ္တာစကားလုံးတွေ

ဘီကနီဝတ်ပြ

မုတ်သုန်ကြို အတ္တနေ့မှာ။

အဖိုးနည်းအိုးကွဲ

ရိုးသားမှု သစ်သီးတစ်ခု

တူးခြစ်သွားတဲ့ ဒယ်အိုးထဲမှာ

သိက္ခာတစ်ဖဲ့ လူလုံးထွက်ပြလိုက်ရ။

သွင်သွင်စီးတဲ့စမ်းရေ

မခမ်းခြောက်သရွေ့

နုနုရွရွ တွေးခေါ်မှုတွေ

အုန်းသီးတစ်လုံးလို

ပေါလောပေါ။

အဲဒါပဲ

ရွာတဲ့မိုး

ပြေးတဲ့လမး

မဆုံးတမ်းပဲ

အမုန်းဆုံးနေ့။ ။

* * *